ခေါမကျေးရွာ

ကလေးဝမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၂၀-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ခေါမကျေးရွာ၊ ကလေးဝမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ

စကားချီး

ခေါမကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကလေးဝမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

အပိုင်း(၁) – ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်

ဖွံ့ဖြိုးရေးလုပ်ငန်းများ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

၅။ အခြေခံ အဆောက်အဦးနှင့် ဝန်ဆောင်မှုများ

၆။ ပညာရေး

၇။ ကျန်းမာရေး

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား – မ ရေးရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ဇယား

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုဆိုင်ရာ အခြေပြဇယား

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၂၀/၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၅ ခုနှစ် အထိ (၅)နှစ် ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ခေါမကျေးရွာ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲ ထား သည့် ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ် မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီး သောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ် ရေး မှူးနှင့် ကလေးဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို ယခင်ကာလများက စီစဉ် ချမှတ် ဆောင်ရွက်ခဲ့သော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများ နှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့(၁)ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါ သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်း ဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ် ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက် အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့်

လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်းလိုအပ်ပါသည်။


ဤ ဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင် ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဤ အစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေး ဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိက ဖော်ပြထား ပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

ဇူလိုင်၊ ၂၀၁၈ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ
ခေါမကျေးရွာ၊ ကလေးဝမြို့နယ်

ခေါမကျေးရွာ သယံဇာတပြမြေပုံ၊ ကလေးဝမြို့နယ်



ရည်ညွှန်း။ ခေါ်မကျေးရွာ၊ ရှဲဂန်းအုပ်စု၊ ကလေးဝမြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းအစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသား များ ကိုယ်တိုင် ပူးပေါင်းရေးဆွဲခြင်းမှ ရယူသည်။

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေး ကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လို သည့်ရည်မှန်းချက်များ၊

ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာ များ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြ ထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှ တို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊
အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရ မည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်း ရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမို သိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုသလမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်း မွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေး ဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်း လင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။

ဤသို့ဖြင့် လုပ်ငန်း များကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာ တွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်များဖြစ်ပါသည်။

ခေါမကျေးရွာ

၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ကျေးရွာသည်ချင်းတွင်းမြစ်၏အရှေ့ဘက်(၁၀)မိုင်ခန့်အကွာတွင်တည်ရှိပြီးသွားလာရခက်ခဲပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် ချောင်းရှိပြီး ကလေး၀-ယုဇလယ်-အင်ဒုတ်ကားလမ်းသို့ဆက်သွယ် ထားသာ လမ်းသည် ကျေးရွာ၏အတွင်းတွင် တည်ရှိပါသည်။ ကျေးရွာသည် ကလေး၀မြို့နှင့် (၂၆)မိုင်ခန့်ကွာဝေးပြီး ဒေသ၏ပျမ်းမျှအပူချိန် (၃၂˚) ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး စိုက်ပျိုး ရေးလုပ်ငန်းကို အဓိကလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါသည်။ အခြား၀င်ငွေရလုပ်ငန်းအဖြစ် အရောင်းအ၀ယ် လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ကျေးရွာ၏တောင်ဘက်တွင်လယ်ယာများနှင့်အနောက်ဘက်တွင်တောတောင် တန်းများတည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာ၀အရင်းအမြစ်များ

ကျေးရွာတွင် လယ်ယာမြေစိုက်ပျိုးဧက(၁၉၃)ဧကရှိပြီး မြေဆီလွှာ အရည်အသွေး အသင့် အတင့်ကောင်းမွန်ပါသည်။ လယ်ယာမြေများသည် စိုက်ပျိုးရေးလုပ်ငန်းပြုလုပ်ရန်အတွက် အဓိကအားထား ရာဖြစ်ပါသည်။ ကျေးရွာ၏ လယ်ယာမြေများအတွက် စိုက်ပျိုးရေရရှိရန် မိုးရေနှင့်ချောင်းရေကိုသာ အဓိကထား သုံးကြပြီး မြစ်ရေအသုံးပြုရန် ခက်ခဲပါသည်။ ကျေးရွာတွင် သဲနှင့်ကျောက်စရစ် ရရှိနိုင်ပြီး အသုံးပြုရန် လွယ်ကူပါသည်။ ကျေးရွာတွင် ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ မထွက်ရှိပါ။ ကျေးရွာတွင်အသုံးပြုကြသော ဆေးဖက်ဝင် နွယ်ငန်းမြစ်၊ ဆင်တုံးမနွယ်နှင့် ဝံအူစသော အပင်မျိုးစိတ်များ ရရှိနိုင်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် သာရေး ၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး အဖွဲ့အစည်း(၃)ဖွဲ့ ၊ ဘာသာရေး အဖွဲ့အစည်း (၂)ဖွဲ့ နှင့် လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့ အဖွဲ့အစည်း(၁)ဖွဲ့ တို့ရှိကြပြီး ကျန်းမာရေး နှင့် အခြားလူမှုရေးကိစ္စများလည်း ဆောင်ရွက်ကြပါသည်။ ကျေးရွာ၏ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး အဖွဲ့အစည်းများတွင်မူ ချက်ပြုတ်ရေး၊ ကျွေးမွေးရေးစသော လုပ်ငန်းများအား တာဝန်ခွဲဝေဆောင် ရွက်ကြပါသည်။ လုံခြုံရေးနှင့်ကာကွယ်ရေးအဖွဲ့အစည်းဖြစ်သော မီးသတ်အဖွဲ့အစည်းမှလည်း လုပ်ဆောင်မှု ကောင်းမွန်ပါသည်။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော ဌာနဆိုင်ရာများမှ ဖွဲ့စည်းပေးထားသော အခြားအဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများလည်း ကောင်းမွန်ပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ကျေးရွာတွင် အလယ်အလတ်စားတောင်သူ (၃၈)ဦးရှိကာ မြေယာမဲ့အိမ်ထောင်စုများသည် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ကြကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် မြေပဲ၊ နှမ်းနှင့် မိုးစပါးတို့ကို လည်း အဓိကသီးနှံများအဖြစ် စိုက်ပျိုးကြပြီး အကျိုးအမြတ်ရရှိမှု အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် ကျွဲ၊ နွား၊ ကြက်၊ ဝက် တို့ကိုသာ တပိုင်တနိုင်မွေးမြူကြပြီး ငါးလုပ်ငန်းလုပ်ကိုင်သူမရှိပါ။ ကျေးရွာတွင် နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု(၅၄)အိမ်ထောင်စုရှိပြီး၊ ဝက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စု(၄၃)အိမ်ထောင်စုရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုး/ မွေးမြူရေးလုပ်ငန်း မဟုတ်သော အခြားလုပ်ငန်းလုပ်ကိုင်သူများဖြစ်သည့် လက်သမားဆရာ(၂)ဦး၊ အပ်ချုပ် သူ(၁)ဦးနှင့် ရောင်း/ဝယ်လုပ်ငန်း လုပ်ကိုင်သူများ၏ ရပ်တည်နိုင်မှု အလယ်အလတ်ရှိပါသည်။ ကျပန်းလုပ် ငန်းလုပ်သူများ၏ ဝင်ငွေအခြေအနေသည်လည်း အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများ၏ လယ်ယာမြေပိုင်ဆိုင်မှုမှာ (၁၉၃)ဧက ပိုင်ဆိုင်မှုရှိပါသည်။ ကျပန်းလုပ်ငန်းလုပ်ကိုင်သော အမျိုးသားများသည် ၊ ဆီစက်တွင် ဝင်ရောက်လုပ်ကိုင်ကြပြီး ဝင်ငွေအခြေ အနေမှာ နေ့စားခ(၈၀၀၀/-)ခန့် ရရှိနိုင်ပါသည်။ ကျပန်းလုပ်ငန်းလုပ် ကိုင်သော အမျိုးသမီးများသည် နေကြာခုတ်၊ မြေပဲနုတ်နှင့် စပါးရိတ် အင်္ဂါးလိုက်ကြပြီး ဝင်ငွေ(၄၀၀၀/-)ခန့် ရရှိနိုင်ပါသည်။ ကျေးရွာတွင် နေထိုင်ကြသောအိမ်ထောင်စု(၄၀)ခန့်သည် အလယ်အလတ်အဆင့် ရှိကြပါ သည်။ ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် ရောင်း/ဝယ်ရေးလုပ်ငန်းတို့ ဖြစ်ပါ သည်။ ကျေးရွာတွင် ကျား(၁၆၃)ဦး၊ မ(၁၆၃)ဦး ပေါင်း(၃၂၆)ဦးရှိပါသည်။တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေမှာ (၅)ဦး နှုန်းရှိကြောင်း တွေ့ရှိရပါသည်။

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာမှ (၈)မိုင်ခန့်ဝေးသောမစိန်ရွာသို့ သုံးဘီး၊ဆိုင်ကယ်များဖြင့် မီးဖိုချောင်သုံးပစ္စည်း၊ အိမ်သုံးပစ္စည်း၊ ပရိဘောဂ ပစ္စည်းနှင့် အဝတ်အထည်ပစ္စည်းများ သွားရောက်ဝယ်ယူကြပြီး (၂၆)မိုင်ခန့်ဝေးသော ကလေးဝမြို့သို့လည်း ဆိုင်ကယ်၊ ကား၊ စက်လှေများဖြင့်လည်း သွားရောက်ဝယ်ယူကြပါသည်။ သို့ရာတွင်လည်း မစိန်ရွာနှင့်ကလေးဝမြို့သို့သွားရာလမ်းတစ်လျောက်တွင်တောင်ကျချောင်းများပေါများသဖြင့်မိုးရာသီ တွင်သွားရေးလာရေးခက်ခဲပါသည်။ကျေးရွာ၏ ရွာတွင်းလမ်းမှာ မြေသား လမ်းဖြစ်ပြီး မိုးတွင်းကာလ အသုံးပြုရန် ကောင်းမွန်ပါသည်။ ရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံး အသုံးပြုနိုင်သော်လည်းချောင်းဖြတ်များသည်မိုးရာသီတွင်သွားလာရန်ခက်ခဲပါသည်။ကျေးရွာမှ ဆိုင်ကယ်၊ ဖြင့် သွားလာခြင်းသည် အချိန်ကုန် သက်သာစေခြင်းကြောင့် ဆိုင်ကယ်များကိုသာ အသုံးပြုသူများ၍ မြစ်ကြောင်းလမ်းမှ စက် လှေဖြင့် သွားရောက်သူနည်းပါးသွားပါသည်။ ဝါဆို၊ ဝါခေါင်လကျေးရွာတွင်းသို့ ချောင်းရေများ ဝင်ရောက်လာ ပြီးရေလျှံသည့်သဘာဝဘေးတစ်ခါတစ်ရံကြုံရတတ်ပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် ဆိုလာ မီးကိုသာ အသုံးပြုကြပြီး ကိုယ်ပိုင်လျှပ်စစ်မီး အသုံးမပြုကြပါ။ ကျေးရွာ နှင့်(၃) မိုင်ခန့်အကွာတွင် ဖုန်းတာဝါတိုင်ရှိသဖြင့် ဖုန်းလိုင်းနှင့်အင်တာနက် ချိတ်ဆက်အသုံးပြုမှုဆက်သွယ်ရေးအခြေအနေများ ကောင်းမွန်ပါသည်။

၆။ ပညာရေး

ကျေးရွာ၏ စာသင်ကျောင်းသည် ရွာမြောက်ဘက်တွင်ရှိပြီး (၂)ထပ်ကျောင်းဆောင်ဖြစ်ပါသည်။ စာ သင်ကျောင်းဆောင်သည် သွပ်မိုး၊ အင်္ကတေခင်း၊ အုတ်နံရံကာ ဖြစ်ပြီး အလျား(၈၀)ပေ၊အနံ (၂၅)ပေ၊အမြင့် (၁၂) ပေ ဖြစ်ပါသည်။

ကျောင်းအိမ်သာသည် သန့်ရှင်းသောရေလောင်းအိမ်သာဖြစ်ပါသည်။ ကျောင်းတွင် ပညာသင်ကြားပေးနေ သော ဆရာ(၁)ဦး၊ ဆရာမ(၄)ဦးရှိပြီး ပညာသင်ယူနေသော ကျောင်းသား/ကျောင်းသူ (၅၄)ဦး ရှိပါသည်။ ကျောင်းအာဟာရတိုက်ကျွေးမှုများရှိပြီး ကျောင်းသားမိဘများသည် ပညာရေးကို ဦးစားပေးကြပါသည်။

၇။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ စောင့်ရှောက်မှုများလိုအပ်လာပါက (၂)မိုင်ခန့်ဝေးသောရဲဂန်းကျေးရွာဆေးပေးခန်းသို့လည်းကောင်း၊(၈)မိုင်ခန့်ဝေးသောမစိန်တိုက်နယ် ဆေးရုံသို့လည်းကောင်း၊(၂၆)မိုင်ခန့်ဝေးသောကလေးဝမြို့နယ်ဆေးရုံသို့ လည်းကောင်းသွားရောက် ကုသကြရပါသည်။ကျေးရွာတွင် နေထိုင်သောသူအများစုသည် ကျန်းမာရေးကောင်းမွန်ကြပါသည်။ မေးခိုင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းများရှိပြီး ဆီးချိုရောဂါ၊ သွေးတိုးရောဂါနှင့် အခြားကူးစက်နိုင်သောရောဂါများ ဖြစ်ပွားမှုနိမ့်သည်။ ကျေးရွာတွင် သောက်သုံးရေအတွက် အဝိစိရေလှိုင်း တွင်းများမှ ရရှိနိုင်ပြီး သုံးရန်အတွက် ချောင်းရေကိုသာ အသုံးပြုကြပါသည်။ ကျေးရွာတွင် အိမ်သာမရှိသော အိမ်ထောင်စုများမရှိဘဲ ရေလောင်းအိမ်သာနှင့် သန့်ရှင်းသောယင်လုံအိမ်သာများ အသုံးပြုကြပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် မိုးနည်းလျှင် စိုက်ပျိုးရေမလုံလောက်မှုများ ကြုံတွေ့ရတတ်ပါသည်။ မိုးရာသီတွင် ရွာတွင်းသို့ နှစ်စဉ်ချောင်းရေများ ဝင်ရောက်လာပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်တတ်ပါသည်။ ချောင်းရေကြီးမှုကြောင့် ရေတိုက်စား၍ ကမ်းပါးပြိုခြင်းများလည်း ကြုံတွေ့ရတတ်ပြီး အိမ်ပြောင်းရွှေ့မှုများ ရှိခဲ့ပါသည်။ ကမ်းပါးပြိုချင်းများအတွက် ရေကာတာများ

ပြုလုပ်ထားခြင်းရှိသော်လည်း နည်းစနစ်လိုအပ်မှု များရှိနေသေး၍ နှစ်ရှည်ခံမှုများ မရှိကြောင်း တွေ့ရှိရပါသည်။ ရာသီအကူးအပြောင်းကာလတွင် တိရစ္ဆာန်ကူး စက်ရောဂါဖြစ်ပွားခြင်းများလည်း ရံဖန်ရံခါ ကြုံတွေ့ရတတ်ပါသည်။

၉။ ကျား – မ ရေးရာ

ကျေးရွာတွင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် ပိုများသော်လည်း အမျိုးသမီး များ၏ ဝင်ငွေရအလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးပါသည်။ ကျေးရွာတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမရှိပါ။ ကျေးရွာတွင်း လူကုန်ကူးခံရခြင်းမျိုးလည်း မကြုံတွေ့ရပါ။ ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် သာရေး၊ နာရေးလုပ်ငန်းများတွင် အမျိုးသား၊ အမျိုးသမီးအားလုံး တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် နေထိုင်သူများမှာ ဗုဒ္ဓဘာသာဝင် များ ဖြစ်ကြပါသည်။ ကျေးရွာ တွင် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးများမှာလည်း ကျား/မ တန်းတူပင် ဖြစ်ပါသည်။ ကျေးရွာ၏ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင် အမျိုးသမီးများ ပါဝင်မှုမရှိသော်လည်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော ကျေးရွာ၏လုပ်အားပေးလုပ်ငန်းများတွင်လည်းအမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။

နှစ်အလိုက်စီမံချက်လုပ်ငန်းများ

ခေါမကျေးရွာ၊ရွဲဂန်းအုပ်စု၊ ကလေးဝမြို့နယ်

စဉ်	စီမံချက်လုပ်ငန်းအမည်	ဦးစားပေးအဆင့်	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
၁	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	၁	၁	၂	၃	၄	၅
၂	ရေပေးရေးလုပ်ငန်း	၂	-	-	-	-	-
၃	ကျေးရွာခန်းမဆောင်	၃	-	-	-	-	-
၄	ဆရာ/မနေအိမ်တည်ဆောက်ခြင်း	၄	-	-	-	-	-
၅	ကျေးလက်ဆေးပေးခန်း	၅	-	-	-	-	-

ခေါမကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စိုက်/မွေးမဟုတ်သောအဖွဲ့

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းမျ ား	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက် နှင့်လုပ်ငန်းများ
၁	ချောင်းရေကျလျှင် သန့်ရှင်းသောသော က်သုံးရေမရရှိခြင်း	သန့်ရှင်းသောသော က်သုံးရေမရှိခြင်း ရေလုံလောက်မှုမရှိ ခြင်း	ရွာနှင့် ၇ ဖာလုံခန့်ဝေး သောနေရာတွင် စိမ့်စမ်းရေထွက်ရှိခြင်း	နည်းပညာနှင့်ငွ ကြေးမတတ်နိုင်ခြင်း	ကျေးလက်ဦးစီးဌာန သို့ တင်ပြခြင်း	စိမ့်စမ်းရေသွယ် ယူရန်

ခေါမကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

လယ်သမားအဖွဲ့

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းမျော	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက် နှင့်လုပ်ငန်းများ
၁	သာရေး၊ လူမှု ဖွံ့ဖြိုးရေးကိစ္စ များအတွက် နေရာမရှိခြင်း	အများသုံး အဆောက်အဦး မရှိခြင်း	ဆောက်လုပ်ရန်နေရာ ရှိခြင်း၊ ကျေးရွာမှ လုပ်အားကူညီနိုင်ခြင်း	ကျေးရွာမှ ထည့်ဝင်ငွေနှင့် မလုံလောက်ခြင်း	ကျေးလက်ဦးစီးဌာန မှ ကူညီဆောင်ရွက်ပေး ခြင်း	ကျေးရွာပိုင် ခန်းမဆောင် ဆောက်လုပ်ရန်

ခေါမကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

အမျိုးသမီးအဖွဲ့

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
၁	ကျေးရွာတွင်းလူနေဘဝများဆေးခန်းသွားရောက်ရန်ခက်ခဲခြင်း	ရွာအနီးတွင်ဆေးခန်းမရှိခြင်း	မြေနေရာရှိခြင်း၊ကျေးရွာသူ/သားများမှ ပါဝင်ကူညီဆောင်ရွက်မှုအားကောင်းခြင်း		သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများမှ ကျန်းမာရေးဌာနနှင့်ပူးပေါင်းဖြေရှင်းရန်	ကျေးလက်ဆေးပေးခန်းဖွင့်လှစ်နိုင်ရန်

ခေါမကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

ရပ်မိရပ်ဖအဖွဲ့

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက် နှင့်လုပ်ငန်းများ
၁	ဆရာ/မများနေထိုင်ရေးခက်ခဲခြင်း	ကျောင်းတွင်းတွင် ဆရာ/မနေအိမ်မရှိခြင်း	မြေနေရာရှိခြင်း ကျေးရွာလုပ်အားပါဝင်နိုင်ခြင်း	ကျေးရွာထောက်ပံ့ငွေ နှင့် မလုံလောက်သောငွေပမာဏဖြစ်ခြင်း	ပညာရေးဌာနနှင့် ချိတ်ဆက်၍သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များမှ ဆောင်ရွက်သွားရန်	ဆရာ/မနေအိမ်ဆောက်လုပ်ခြင်း

ခေါမကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

လူငယ်အဖွဲ့

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက် နှင့်လုပ်ငန်းများ
၁	ရွာတွင်းလမ်းတွင်ရွံ့နွံ့များထူထပ်၍ရေတိုက်စားခြင်း	မြေသားလမ်း ဖြစ်နေခြင်း	ကျေးရွာအနီးတွင် သဲကျောက်စရစ် အလွယ်တကူရရှိနိုင်ခြင်း	ငွေကြေးနှင့် နည်းပညာမတတ်နိုင်ခြင်း	ကျေးလက်ဦးစီးဌာနနှင့်ဆက်သွယ်ဆောင်ရွက်သွားရန်	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	အကောင်အထည်ဖော်မည့် နည်းဗျူဟာလုပ်ငန်းစဉ်များ	မှတ်ချက်
အခြေခံအဆောက်အဦး	ရွာတွင်းကွန်ကရစ်လမ်း	၇၀	၁	ရွာတွင်းကွန်ကရစ်လမ်း	ကျေးလက်ဦးစီး
သောက်သုံးရေ	စိမ့်စမ်းရေသွယ်တန်းရန်	၃၅	၂	စိမ့်စမ်းရေသွယ်တန်းခြင်း	။
အခြေခံအဆောက်အဦး	ကျေးရွာခန်းမဆောင်	၃၃	၃	ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း	။
ပညာရေး	ကျောင်းဆရာ/မနေအိမ်	၂၅	၄	ရေကာတာတည်ဆောက်ခြင်း	-
ကျန်းမာရေး	ကျေးလက်ဆေးပေးခန်း	၁၈	၅	ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း	။

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ။

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေးအခြေအနေ

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂	၁	၃
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၄	၁၃	၂၇
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၄	၁၂	၂၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၁	၇	၁၈
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၁၄	၁၁၇	၂၅၈
၆၅ နှစ် အထက်	၈	၈	၁၆	၂၄
စုစုပေါင်း		**၁၆၃**	**၁၇၀**	**၃၃၃**
စုစုပေါင်း အိမ်ထောင်စု -၅၇		**ပျမ်းမျှလူဦးရေ -**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ရှိသော လူဦးရေသည် အမျိုးသမီးဦးရေ ပိုများပြီး အလုပ်လုပ်နိုင် သည့်အရွယ် အများဆုံးရှိပါသည်။

ဇယား(၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၄၃	၉၈		မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း	၅	၈		မြင့် ☐ လတ် ☐ နိမ့် ☑
၂	**တိရစ္ဆာန်မွေးမြူရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၃	**ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓါတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	၂	၃		မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပြင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐

	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ – လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၂	**ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့်ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း	၆	၈		မြင့် ☐ လတ် ☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐

	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				☒
	အလုပ်သမား/ ကျပန်း/ ရာသီအလိုက် အလုပ်သမား	၁၂			

၁၉

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား/ ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း	**၅၇**			☒

ရင်းမြစ် ....(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး အခြားဝင်ငွေရလုပ်ငန်းများလည်း အသင့်အတင့်လုပ်ကိုင်ကြပါသည်။

ဇယား(၃) လုပ်ငန်းနှင့်ကျား၊ မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး(ကျပ်)		အနည်းဆုံး(ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၄၀၀၀	၅၀၀၀	၂၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း(ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				

၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀		၅၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး	နေ့စား				
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်	နေ့စား				
၁၀	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်။ (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၌ အမျိုးသားများသည် ပျိုးနှုတ်ချိန်၊ စပါးရိတ်သိမ်းချိန်များတွင် နေ့စားခအများဆုံးနှုန်းထား (၁၀၀၀၀)ကျပ်ထိ ရရှိနိုင်ကြပါသည်။ အမျိုးသမီး များသည် ကောက်စိုက်ချိန်တွင် နေ့စား (၆၀၀၀)ကျပ်ထိ ရရှိကြပြီး ပဲနှုတ်ချိန်တွင် နံနက်ခင်းတပိုင်းထဲ၌ (၃၀၀၀)ကျပ်ထိ ရရှိနိုင်ကြပါသည်။

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ(ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	၁၉၃	ကောင်း ☐ သင့် ☑ ညံ့ ☐
ယာမြေ / တောင်ယာမြေ	–	ကောင်း ☐ သင့် ☑ ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐ သင့် ☑ ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐ သင့် ☑ ညံ့ ☐
ခနိတောမြေ	–	ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	၁၉၃	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမြေ(၁၉၃)ဧက ပိုင်ဆိုင်မှုရှိပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသည်။

ဇယား(၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိ နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐နည်း ☐ မရှိ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☑သင့် ☐နည်း ☐ရှိ ☐	လွယ်☑ ☐ခက် ☐ အသုံးမပြုနိုင်ပါ ☐

၂၁

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိ နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☑ နည်း☐ မရှိ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☑ နည်း☐ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။
လေ့လာတွေ့ရှိချက်။

။ကျေးရွာအရှေ့ဘက်ရှိချောင်းထဲတွင်သဲကျောက်စရစ်များလွှယ်ကူစွာရနိုင်ပြီး၊အနောက်ဘက်ရှိ

တောထဲတွင် သဘာဝဆေးဘက်ဝင်အပင် များသာ အသင့်အတင့်ရရှိနိုင်ပါသည်။

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း

	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ ဧကမှ ၁၂ဧကထိ	၆ ဧကမှ ၉ဧက ထိ	၂ ဧကမှ ၄ ဧကထိ	လယ်ယာမြေ ပိုင်ဆိုင်မှုမရှိ
အိမ်အခြေအနေ	နှစ်ထပ်တိုက်၊ တိုက်ခံ	ပျဉ်ကာ(၂)ထပ်	သစ်ကာ၊ သွပ်မိုး	ကပ်ကာသွပ်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက်ကြီး၊ ဆိုင်ကယ်၊ TV၊	ထွန်စက် ဆိုင်ကယ်၊ ၊ နွား၊ ဝက်	ဆိုင်ကယ်၊ လှည်း၊စက်ဘီး၊ ဝက်	ကြက်၊ ဝက်၊ စက်ဘီး
အဓိကစီးပွားရေး လုပ်ငန်း	တောင်သူကြီး	တောင်သူလတ်	တောင်သူလေး	ကျပန်း
အိမ်ထောင်စု	၁၂	၂၅	၁၅	၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ရှိသော အိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှုများရှိကြပြီး ဥစ္စာဓနအဆင့် အခြေအနေ အသင့်အတင့်ရှိကြပါသည်။

ဇယား(၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လ အောက် ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆လကြား ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____

		ချေးယူ လုပ်အားခကြိုယူ	= _____ = _____
ဖြေလမှု ၁၂ လအထိ ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား အစာလျှော့စား အထောက်အပံ့ယူ ချေးယူ လုပ်အားခကြိုယူ	= _____ = _____ = _____ = _____ = _____

ရင်းမြစ် ... ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ရှိသော အိမ်ထောင်စုများသည် ဝမ်းစာဖူလုံမှုရှိကြပါသည်။

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ဖြန့်စ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော ထိခိုက်လွယ်သောအိမ် ထောင်စုများ မရှိပါ။

၂၃

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂	သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ထိခိုက်လွယ်မှုအခြေအနေများ နည်းပါးပြီး မိုးတွင်း၌ တစ်ခါတစ်ရံ ချောင်းရေကြီးမှုကြောင့် ရွာတွင်းသို့ ဝင်ရောက်နိုင်ပြီး ကမ်းပါးပြိုခြင်းများဖြစ်လေ့ရှိပါသည်။

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
၃	ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာကျရောက်နိုင် သော အိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	ပင်လယ်/မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐

၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခဇရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၆	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၈	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ နိမ့်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		

၁	ကျောင်း ကော်မတီ	၁□ ၂ ၃□	၅	-	၅	ပညာရေး □ ငွေကြေး □ ကျန်းမာရေး ✔ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း□ သင့် ✔ ညံ့ □
၂	ရေ ကော်မတီ	၁□ ၂ ၃ □	၇	-	၇	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း□ ညံ့ □
၃	မီးလင်းရေး ကော်မတီ အဖွဲ့	၁□ ၂ ၃□		-		ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း□ သင့် ✔ ညံ့ □
၄	လူမှုရေး အဖွဲ့	၁□ ၂ ✔ ၃□	၇	-	၇	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း□ သင့် ✔ ညံ့ □
၅	မီးသတ် အဖွဲ့	၁□ ၂ ✔ ၃□	၉	-	၉	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး ✔	ကောင်း□ သင့် ✔ ညံ့ □

စ	အဖွဲ့အစည်း	အမျိုးအစား	အဖွဲ့ဝင်ဦးရေ	လုပ်ငန်းတာဝန်	စွမ်းဆောင်

ဦ	အမည်	(မှန်ရာတစ်ခုကိုသာ ရွေးရန်)	ကျား	မ	ပေါင်း	(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၆	ဓမ္မစကူး အဖွဲ့	၁☐ ၂☐ ၃ ✔	၁	၆	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✔ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐ သင့် ✔ ညံ့ ☐
၇	ဓမ္မစကြာ အဖွဲ့	၁☐ ၂☐ ၃ ✔	-	၁၈	၁၈	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✔ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✔ သင့် ☐ ညံ့ ☐
၈	အမျိုးသမီး အဖွဲ့	၁☐ ၂☐ ၃ ✔	-	၉	၉	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐ သင့် ✔ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့. စသည့်။

(၂) လူမှုရေးအဖွဲ့. - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လုံခြုံရေးနှင့်ကာကွယ်ရေးအဖွဲ့.(၁)ဖွဲ့၊ ဘာသာရေးအဖွဲ့.(၂)ဖွဲ့.နှင့် လူမှုရေးဖွံ့ဖြိုးရေးအဖွဲ့.(၄)ဖွဲ့. တို့ရှိကြပြီး အဖွဲ့.အစည်းအလိုက် ဆောင်ရွက်မှုများ အသင့်အတင့်ကောင်းမွန် ကြပါသည်။

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	**အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**လုပ်ငန်းတာဝန်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)
၁	-	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂	-	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃	-	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄	-	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅	-	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆	-	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ်... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ-ဓမ္မစကူးလ် ဖောင်ဒေး ရှင်း၊ Christian Aid Missions စသည်)

၂၈

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pace Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ– GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့(ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၇	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၀	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၅	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၅	တောင်သူကြီး
